ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၅ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်

## အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးအား ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ကော်မတီပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းတို့က ဦးဆောင်၍ ကျင်းပပြုလုပ်စဉ်။**

အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ( ၂/ ၂၀၂၄ ) ကြိမ်မြောက် အစည်းအဝေးအား ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး နှင့် ကော်မတီပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၂)၊ အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့ (၁၀:၀၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၄၅) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါ



**အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးတွင် ကော်မတီပူးတွဲဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းမှ အဖွင့်မိန့်ခွန်းပြောကြားစဉ်။**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းနှင့် ကော်မတီပူးတွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းလင်း တို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့ (၄) ဖွဲ့မှ ဥက္ကဋ္ဌများနှင့် Individual Agency Programme တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ကော်မတီဥက္ကဋ္ဌ၊ ပူးတွဲဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များက ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အစည်းအဝေးဆုံးဖြတ်ချက်များတွင် ထည့်သွင်းဆွေးနွေးအတည်ပြု ခဲ့ကြပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) တွင် ပြုလုပ်ခဲ့သော ဈေးနှုန်းစိစစ်ရေးအခမ်းအနားကျင်းပ




“ဈေးနှုန်းစိစစ်ရေးအဖွဲ့” ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ် ဦးဆောင်သော ဌာနအကြီးအကဲများ ပါဝင်သည့် ဈေးနှုန်းစိစစ်ရေးအဖွဲ့ဝင်များမှ Software Maintenance လုပ်ငန်းအတွက် နည်းပညာကုမ္ပဏီများမှ အဆိုပြုတင်ပြလာသည့် ဈေးနှုန်းများကို “ ဈေးနှုန်းစိစစ်ရေးအဖွဲ့ ” မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။

ဈေးနှုန်းစိစစ်ရေးအခမ်းအနားကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့၊ ၀၉း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ “ဈေးနှုန်းစိစစ်ရေးအဖွဲ့”ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ် ဦးဆောင်သော ဌာနအကြီးအကဲများပါဝင်သည့် ဈေးနှုန်းစိစစ်ရေးအဖွဲ့ဝင်များ၊ NTT Data Myanmar Co., Ltd နှင့် KMD Co., Ltd တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် Software Maintenance လုပ်ငန်းအတွက် NTT Data Myanmar Co., Ltd ၊ Hardware Maintenance လုပ်ငန်း၊ Operation & Monitoring Maintenance လုပ်ငန်းနှင့် LAN/WAN Maintenance လုပ်ငန်းများအတွက် KMD Co., Ltd တို့မှ အဆိုပြုတင်ပြလာသည့် ဈေးနှုန်းများကို “ဈေးနှုန်းစိစစ်ရေးအဖွဲ့” မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်မှုများဆောင်ရွက်ခဲ့ပါသည်။

# ဆိပ်ကမ်းများ၌ ရောက်ရှိနေသော ဓာတုပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ ရှင်းလင်းထုတ်ယူရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ဆိပ်ကမ်းများ၌ ရောက်ရှိနေသော ဓာတုပစ္စည်းများ ၊ စက်မှုကုန်ကြမ်းပစ္စည်းများ ရှင်းလင်းထုတ်ယူရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် ( ရုံးချုပ် )ရှိ ဇေယျာသီဟအစည်းအဝေးခန်းမတွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ ၁၃း၃၀နာရီတွင် ဆိပ်ကမ်းများ၌ ရောက်ရှိနေသော ဓာတုပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ ရှင်းလင်းထုတ်ယူရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်သွယ်ရေးဦးစီးဌာန(ရန်ကုန်တိုင်း)၊ ထိန်းချုပ်ဓာတုကြီးကြပ်ရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီး)၊ သုတေသနတီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၊ မူးယစ်ရဲတပ်ဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ့စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ Yangon Aerodrome Company Limited (YACL)၊ B.O.T ဆိပ်ကမ်းများ(MITT/MIP/AWPT) ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (CMP)၊ Dry Port (RG Logistics/ KM Logistics)တို့မှ တက်ရောက်ခဲ့ပြီး စက်မှုကုန်ကြမ်းများအား ဆိပ်ကမ်းမှထုတ်ယူခွင့်ရရှိသည့် အချိန်ကြန့်ကြာမှု မရှိစေရေးနှင့် လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါသည်။

# ရန်ကုန်ရုံးချုပ်မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း / အမှုထမ်းများအား ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပ




**ရန်ကုန်ရုံးချုပ်မှ နယ်မြေအသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများ၏ ဩဝါဒခံယူပွဲအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းမှ အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/ တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ဒုတိယအသုတ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းမှ ဦးဆောင်၍ ဩဝါဒခံယူပွဲအခမ်းအနားကို ဇေယျာသီဟာခန်းမ၊ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ ၉း ၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)၊ ညွှန်ကြားရေးမှူးများ( မူဝါဒ၊ စစရ၊ ဥပဒေ၊ စီမံ၊ နိုင်ငံတကာ၊ ဘဏ္ဍာ၊ ကာကွယ်ရေး၊ ထုတ်/သွင်း၊ MACCS) နှင့် အရာထမ်း/ အမှုထမ်းအင်အား (၁၄၀) ဦး တက်ရောက်ခဲ့ပြီး အခမ်းအနားအား ၁၀:၃၀ တွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၆၄) မှ (၉၇) အထိ အကောက်ခွန်နှုန်း သုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



**ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း၂၀၂၂၊ အခန်း(၆၄) မှ(၉၇) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်း ညှိနှိုင်းအစည်းအဝေးကို ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်ရေးနှင့် စီမံရေးရာ) ဦးတင်ကိုထက်မှ အကောက်ခွန်နှုန်းတိုးမြှင့်ခြင်း/ လျှော့ချခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားစဉ်။**

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊ အခန်း (၆၄) မှ (၉၇) အထိ အကောက်ခွန်နှုန်း သုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်ရေးနှင့်စီမံရေးရာ) ဦးတင်ကိုထက် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး၊ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်း၊ HS-Section မှ တာဝန်ရှိသူများ၊ အစိုးရဌာနဆိုင်ရာနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ( ၆/၂၀၂၃ ) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၃)တွင် “ ပြည်တွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများမှ အခွန်နှုန်းထားများ မြှင့်တင်၍ တားမြစ်ခြင်း နှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ တားဆီးဖမ်းဆီးမှု



**သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် အသင်းအဖွဲ့များက အကောက်ခွန်နှုန်းတိုးမြှင့်ခြင်း/ လျှော့ချခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားစဉ်။**

စနစ်တကျ ဆောင်ရွက်ရန်” ဟူသော ဆုံးဖြတ်ချက်အရ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်သည့် ကုန်ချောပစ္စည်းများအား အခွန်နှုန်းထားတိုးမြှင့်ရန်နှင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ခြင်းမရှိသည့် ကုန်ကြမ်းပစ္စည်း/ ကုန်ချောပစ္စည်းများ၏ အခွန်နှုန်းထားများအား ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊အခန်း(၆၄)မှ (၉၇) တွင် ပါဝင်သော ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်းအား အကောက်ခွန်ဦးစီးဌာန၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစုမှ တာဝန်ရှိသူများက အခန်းအလိုက် ဆွေးနွေးတင်ပြရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် အသင်းအဖွဲ့များက အကောက်ခွန်နှုန်းတိုးမြှင့်ခြင်း / လျှော့ချခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားခဲ့ပါသည်။ အစည်းအဝေးအား ၁၆း၀၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

# အကောက်ခွန်ဦးစီးဌာန၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ



**အကောက်ခွန်ဦးစီးဌာန၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအား မင်းကွန်းတောရကျောင်းတိုက်တွင် ကျင်းပပြုလုပ်စဉ်။**

အကောက်ခွန်ဦးစီးဌာန၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၈ ရက် ၀၉:၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနား၌ ဝါဆိုသင်္ကန်း အပါအဝင် နဝကမ္မအလှူငွေ၊ ကမ္ဘာတည်အလှူငွေ၊ ကျန်းမာရေးစောင့်ရှောက်ခအလှူငွေ၊ ဆွမ်းစားဆောင်အမိုးပြုပြင်ရန် အလှူငွေ၊ဆန်၊ဆီ၊ကုလားပဲ စသည်တို့အတွက် အလှူတော်ငွေ ဆက်ကပ်လှူဒါန်းခဲ့ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် နှင့် ညွှန်ကြားရေးမှူးများ အရာထမ်း၊ အမှုထမ်းများ (၅၀)ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ (၁) ရက် မှ (၃၁) ရက်အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု (၂၀၁) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၆၆၀၈.၀၇၇ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



(၄-၇-၂၀၂၄) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း (AWPT) ၌ ID No. 100281839010 (26.6.2024)၊ကုန်သေတ္တာပေ (၂၀x၂၄) လုံးဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား အထူးအဖွဲ့နှင့် ကာကွယ်ရေး (Suspect)အရ (ကာကွယ်ရေး၊ ထုတ်/သွင်း၊ စစရ၊ အထူးအဖွဲ့) တို့ဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော (B/N Construction Material/Galvanized Iron Pipe) (Square And Rectangle) (Size - 19x19x 1.2x5800 MM, 19X19X1.4X5800MM, 20X40X1.4X5800MM) (C/O–China) (127809 KG)၊ ခန့်မှန်းတန်ဖိုးကျပ် ( ၁၈၇,၈၇၉,၂၃၀/- ) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



(၄-၇-၂၀၂၄) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း(AWPT)၌ ID No. 100281815650 (25.6.2024)၊ ကုန်သေတ္တာအမှတ် (ONEU1796244) (1X40') ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများအား တာဝန်ကျစစ်ဆေးရေးအရာရှိမှ မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော (100% Polyester Fabric) (C/O–China) (126000M) ၊ ခန့်မှန်းတန်ဖိုးကျပ်(၂၆၄,၆၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ်  ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ်

# ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်  တားဆီး/ ဖမ်းဆီးမှု







(၅-၇-၂၀၂၄) ရက်နေ့ ၁၉:၃၀ နာရီခန့်တွင် မြိတ်ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မြိတ်မြို့အဝင် ကျောက်ဖြူတောင်ကျေးရွာ လမ်းဆုံအနီးရပ်တန့်ထားသော မောတောင်မြို့ဘက်မှ ရန်ကုန်မြို့သို့ ထွက်ခွာမည့်ယာဉ်အမှတ်-(2G-6365) (22W) ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (DEXTROSE MONOHYDRATE) (1x25kgx1200bag) (30000kg) အပါအဝင်ပစ္စည်း (၃)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်(၂၉,၈၅၃,၀၃၀/-)ခန့် အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်-2G-6365(22W) စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်-၈၀,၀၀၀,၀၀၀ ခန့် အားလည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**




(၇-၇-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်တိုင်အမှတ် (၃၇၆/၄) သို့ သွားရောက်စစ်ဆေးခဲ့ရာ ပိုင်ရှင်မဲ့နိုင်ငံခြားဖြစ်ဆေးလိပ် (၆၅)ဖာ တွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ သယ်ဆောင်လာခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အကောက်ခွန်မဲ့ Cigarette (1x10x50) Pkg, Brand: Napoli (C/O-Switzerland)(50)Pkg အပါအဝင်ပစ္စည်း (၄)မျိုးစုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၄၅,၅၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**



(၂၆-၇-၂၀၂၄) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (Departure) ၌ (MAI Airlines) လေယာဉ်ခရီးစဉ်အမှတ်-(8M-333/CR-6346) ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာမည့်ခရီးသည်၏ (Baggage) များအား (Departure inline X-Ray) စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် မသင်္ကာဖွယ်ရာပုံရိပ်တွေ့ရှိရသဖြင့် (Arrival Exit- A) ကောင်တာ၌ ပိုင်ရှင်ကိုယ်စားလှယ်ဖြစ်သူ၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်ပို့ခွင့်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ရွှေဟုယူဆရသော)(၁၀ကျပ်သားခန့်ရှိလက်ကောက်) (၁၀x၆ကွင်း)၊ ခန့်မှန်းတန်ဖိုးကျပ် (၂၇၆,၀၀၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ်

## ( ၆၆၀၈.၀၇၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**



(၂၉-၇-၂၀၂၄) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Arrival ၌ (MAI Airlines) လေယာဉ်ခရီးစဉ်အမှတ် - (8M-621/ SF-6944) ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာပြီး ခရီးသည်၏ (Baggage) များအား Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် မသင်္ကာဖွယ်ရာပုံရိပ်တွေ့ရှိရသဖြင့် (Arrival Exit-A) ကောင်တာ၌ ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော (Erythropoietin Injection IP) (Recombinant Human Erythropoietin Aifa Injection) (wepov 4000) (1 Nos into 30000) (C/O-India )(452 Nos) အပါအဝင်ပစ္စည်း(၂) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃၁,၅၆၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။